# သီးနှံ သီးပင် စားပင် ရောနှောစိုက်ပျိုးခြင်း



သီးနှံ ၊ စိုက်ပျိုးခြင်း ဆိုသည်မှာ သင့် ယာမြေ ခြံ အမြင့်နှင့် ရှက်အု သော နှစ်ခြင်းသီးနှံ။ နှစ်တိုနှစ်ရှည်သီးပင် ၊ စုံသုံးသစ်ပင်အမျိုးမျိုးကို စံနစ်တကျမျှတစွာ ရောနှောစိုက်ပျိုးသော နည်းစနစ်ဖြစ်ပါသည်။

မိမိယာမြေကို သီးနှံတမျိုးတည်းစိုက်ပျိုးခြင်းမှ ပိုမိုအကျိုးရှိစွာ နှစ်တိုနှစ်ရှည် ဘက်စုံဥယျာဉ်ခြံအဖြစ် ပြောင်းလဲအသုံးပြုရန်အတွက် သီးနှံ၊ သီးပင် စားပင်စိုက်ပျိုးခြင်း နည်းစံနစ်က အထူးအသုံးဝင်ပါသည်။

## သင့်တော်သောမြေနေရာများ

- ရေစီးရေလာကောင်းမွန်၍ တော်သင့်ရုံမြေအနက်ရှိသော ယာမြေ ၊ ခြံမြေ ၊ ကုန်းစောင်းမြေ
- စိုက်ပျိုးရေရရှိနိုင် သော မြေနေရာဖြစ်ကပိုမိုသင့်တော်ပါသည်၊
- စိုက်ပျိုးထားသောသီးပင် ၊ စားပင်များကို လုံခြုံမှုပေးနိုင်သောမြေနေရာ
- အပင်မျိုးစုံအကျိုးရှိရှိစိုက်ပျိုးနိုင်ရန် အနည်းဆုံး တစ်ဧက အကျယ်အဝန်းရှိသောမြေနေရာ

- မြေသားအထူအပါးနည်း၍ မတ်စောက်သော ကုန်းစောင်းမြေများ၌ သီးနှံသီးပင်စားပင် သီးနှံသီးပင်စားပင် ရောနှော စိုက်ပျိုးခြင်းကို အသုံးပြုရန် မသင့်တော်ပါ။

## အကျိုးကျေးဇူး

- နှစ်ခြင်းသီးနှံသာမက သီးပင်၊ စားပင်အမျိုးမျိုးမှ ဝင်ငွေအမျိုးမျိုး ရရှိစေခြင်းကြောင့် တနှစ်ပတ်လုံး ဝင်ငွေမှန်စေရုံသာမက ဥယျာဉ်ခြံမြေမှ နှစ်ရှည်အကျိုးအမြတ်ရရှိနိုင်ပါသည်။
- အမျိုးစုံလင်စွာ စိုက်ပျိုးဝင်ငွေတိုးစေသောကြောင့် သီးနှံတမျိုးတည်းစိုက်ပျိုးခြင်းကြောင့် မိုးခေါင်၍သောအခါ၊ ပျိုးကွင်း အကြီးအကျယ် ပျက်စီးဆုံးခြင်းမှ သက်သာစေပါသည်၊
- ဥယျာဉ်ခြံမြေဖြစ်သောကြောင့် မိမိပတ်ဝန်းကျင်၊စိမ်းလန်းစိုပြေစေရုံသာမက မြေဆီလွှာအခြေအနေ ပိုမိုတိုးတက်စေနိုင်ပါသည်၊

## သတိပြုရန်အချက်များ

- ဥယျာဉ်ခြံမြေပြုစုရန် မိသားစုလုပ်အားအတော်အတန်လိုအပ်မည်၊
- သီးပင်၊စားပင်များဝယ်ယူရန် အရင်းအနှီး အသင့်အတင့်လိုအပ်မည်၊
- တခါတရံ သီးပင်စားပင်များအတွက်ပျိုးပင်များဝယ်ယူရရှိရန်ခက်ခဲနိုင်ပါသည်၊
- သီးပင်စားပင်များရွေးချယ်စိုက်ပျိုးရာ၌ ရေနှင့်နီးကပ်ရန်မှာလိုသော ကြောင့်မြေနေရာအရွေး မမှန်ပါက အကျိုးဖြစ်ထွန်းမှု နည်းပါးမည်၊

## သီးနှံ နှင့် စားပင်သီးပင်ရွေးချယ်ခြင်း



၁ **အဓိကနှစ်ခြင်းစိုက်ပျိုးသီးနှံ** – မိမိစိုက်ပျိုးနေကျသီးနှံကို ရွေးချယ်နိုင်ပါသည်၊

၂ **ဦးစားပေး သီးပင်** – ရေရှည်ဝင်ငွေရရှိနိုင်သော အဓိကဦးစားပေးသီးပင်အမျိုးအစား (ဥပမာ၊ ၊ မန်းကျည်း။သရက်။သီဟိုသရက်။ပိန္နဲ။မာလကာ။သံပုရာ )

၃ **ဒုတိယကြား ညှပ်သီးပင်စားပင်** – နှစ်တိုတိုအတွင်း အသီးရရှိနိုင်သော သီးပင်စားပင်များ (ဥပမာ၊ ၊ မာလကာ။သံပုရာ။ဩဇာ။ဒန့်သလွန်။လဲမှို့ ၊ ကြက်ဆူ )

၄ **ဘက်စုံသုံးသစ်ပင်များ** – ထင်း။မျှောတိုင် သာမက လူသုံးအစားအစာ နှင့် နွားစာနှင့် ဆေးဘက်ဝင် အသုံးပြုနိုင်သောသစ်ပင် အမျိုးများ (ဥပမာ၊ ယင်းမာ ၊ မယ်ဇလီ၊ ဘော့စကိုင်း၊ ထန်း။ကုက္ကို ဘုံမဲဇာ ၊ပေါက်ပန်းဖြူ )

၅ **ဖြည့်စွက်ရောနှောပင်များ** – အဆင်ပြေသလိုကွက်လပ်များတွင် ဖြည့်စွက်ရောနှောစိုက်ပျိုးနိုင်သော သီးပင်၊ စားပင်၊ မြက်ပင်၊ ခြုံပင်များ ၊ (ဥပမာ၊ ၊ သနပ်ခါး။ဝါး။နွားစာမြက်များ။စပယ်ပန်း။ပဲစဉ်းငုံ။ပေါက်ပန်းဖြူကြီး ပေါက်ပန်ဖြူသေး၊ စန္ဒကူး၊ ဆီနီခေါ်ရှား)

# သင့်တော်သော စိုက်ပင်အကွာအဝေး

| အမျိုးအစား | စိုက်ပျိုးနိုင်သော အပင်များ | စိုက်ပင်အကွာအဝေး | မှတ် ချက် |
|---|---|---|---|
| **အဓိကသီးနှံ** | နှမ်း။မြေပဲ။ပဲအမျိုးမျိုး။ ဝါ | စိုက်ပျိုးနေကျပုံစံအကွာ အဝေး ဤတိုင်းထား နိုင်ပါသည်၊ | |
| **အဓိကသီးပင်** | သီဟိုသရက်။ သ ရက် မန်း ကျည်း (ချို ချဉ်) ပိန္နဲ။ဇီး။ | ၃၀ ပေ X ၃၀ပေ | အတန်းလိုက်ခပ်ကြဲကြဲစိုက်ပျိုးရန် |
| **ကြားညှပ် သီးပင်** | သံပုရာ။မာလကာ၊ဩဇာ၊ လဲမှို့ ၊ ကြက်ဆူ၊ | ၁၀ ပေ X ၁၀ပေ ( သို့မဟုတ် ) ၁၅ ပေ X ၁၅ ပေ | အဓိကသီးပင် အတန်းများကြား တွင် စိုက်ပျိုးသင့်ပါသည်၊ |
| **ဘက် စုံသုံး သစ်ပင်** | ဗဘော့စကိုင်း။မယ်ဇလီ။ ထန်း။ကုက္ကို။ယူကလစ်။ ရှား ၊ အမေရိကကုက္ကို၊ ပေါက်ပန်းဖြူ၊ | ၁၂ ပေ X ၁၂ ပေ ( သစ်ပင်ကြီးများအတွက် ) ၃ ပေ X ၃ ပေ (တိရိ စ္ဆာန်စာအပင်စည် ရိုးများအတွက် ) | မိမိတို့ခြံမြေပတ်လည် ရောနှော စိုက်ပျိုးရန် |
| **ဖြည့်စွက် ရောနှောပင်** | စိန်တံချူ။နာနတ် ရိုင်း တစောင်းလက်ပတ်။ဝါး။ | ၆ ပေ အကွာ( သို့ ) သင့်တော်သလို | ခြံစည်ရိုး အနားများ ခြံတွင်းကွက်လပ်များ |

| | | | |
|---|---|---|---|
| | သနပ်ခါး၊ပဲစဉ်းငုံ၊စန္ဒကူး ကြက်ဆူ။ | | သစ်ပင်များကြား သီ နှံစိုက် ပျိုးရန် ခက်လှသောနေရာများ တွင် ပြည့် စွက်စိုက်ပျိုးသင့်ပါ သည်။ |